**စာဖြင့်ရေးသား ကြိုတင်အသိပေးစာ**
**သို့မဟုတ်**
**မိဘ၏ သဘောတူခွင့်ပြုချက် ပြန်လည်ရုပ်သိမ်းခြင်းကြောင့်**
**အထူးပညာရေး ဝန်ဆောင်မှုများ၊ သက်ဆိုင်ရာ ဝန်ဆောင်မှုများနှင့်**
**အပိုအကူအညီနှင့် ဝန်ဆောင်မှုများအားလုံး ရပ်ဆိုင်းခြင်း**

**သို့**______________________________ **ရက်စွဲ** ______________________________
(မိဘ/ ပညာရေးဆိုင်ရာ တရားဝင် ဆုံးဖြတ်ချက်ချသူ)

**လိပ်စာ** ______________________________

**ကိုယ်စား** ______________________________
(ကျောင်းသားအမည်)

______________________________

______________________________

______________________________ တွင် သင်သည် အထက်တွင် အမည်ပါ ကျောင်းသားအတွက် အထူးပညာရေး ဝန်ဆောင်မှုများ၊ သက်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဖြည့်စွက်အကူအညီနှင့် ဝန်ဆောင်မှုများ အားလုံးအတွက် သဘောတူညီချက်ကို စာဖြင့်ရေးသား ပြန်လည်ရုပ်သိမ်းသည်။ ဤအခြေအနေတွင် အထူးပညာရေး နည်းဥပဒေများအရ ကျောင်းခရိုင်အနေဖြင့် အထူးပညာရေး ဝန်ဆောင်မှုများ၊ သက်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဖြည့်စွက်အကူအညီနှင့် ဝန်ဆောင်မှုများ အားလုံးကို ရပ်ဆိုင်းပြီး မိဘ (သို့မဟုတ် ပညာရေးအတွက် တရားဝင် ဆုံးဖြတ်ချက်ချသူ) ထံ ဝန်ဆောင်မှုများ အဆုံးမသတ်မီ ဝန်ဆောင်မှုများ အဆုံးသတ်မည်ဖြစ်ကြောင်း စာဖြင့်ရေးသား အသိပေးစာ တစ်စောင် ပေးပို့ရန် လိုအပ်သည်။ ဤစာရွက်စာတမ်းသည် ဤနည်းဥပဒေများအရ လိုအပ်သည့် စာဖြင့်ရေးသား အသိပေးစာ ဖြစ်သည်။

## 1) အဆိုပြုခဲ့သည့် ဆောင်ရွက်မှုအကြောင်း-

______________________________ တွင် အထက် အမည်ပါ ကျောင်းသား၏ IEP တွင် ဖော်ပြထားသည့် အထူးပညာရေး ဝန်ဆောင်မှုများ၊ သက်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဖြည့်စွက်အကူအညီနှင့် ဝန်ဆောင်မှုများ အားလုံးကို ရပ်ဆိုင်းသွားမည်။

## 2) ဆောင်ရွက်မှုတစ်ခုကို အဘယ်ကြောင့် အဆိုပြုရကြောင်း ရှင်းပြချက်-

အထူးပညာရေး ဝန်ဆောင်မှုများ၊ သက်ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဖြည့်စွက်အကူအညီနှင့် ဝန်ဆောင်မှုများ အားလုံးအတွက် သဘောတူခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

## 3) ထည့်သွင်းစဉ်းစားခဲ့သည့် ရွေးချယ်စရာများနှင့် ရွေးချယ်စရာများကို ငြင်းပယ်ရခြင်း အကြောင်းရင်း-

အခြားရွေးချယ်စရာများကို ထည့်သွင်းစဉ်းစားခဲ့ခြင်း မရှိပါ။ ဤဆုံးဖြတ်ချက်သည် ကျောင်းသား၏ IEP အဖွဲ့မှ ဆုံးဖြတ်ချက် မဟုတ်ပါ။ ဤဆောင်ရွက်မှုသည် အထူးပညာရေး နည်းဥပဒေများ အပ်နှင်းထားသည့် အခွင့်အာဏာနှင့်အညီ ဤကျောင်းသား အတွက် ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်သူမှ ၎င်း၏ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့် ရွေးချယ်ဆောင်ရွက်မှု ဖြစ်သည်။

## 4) အဆိုပြုခဲ့သည့် ဆောင်ရွက်မှုအတွက် အခြေခံအဖြစ် စဉ်းစားခဲ့သည့် အချက်အလက်များကို ဖော်ပြချက်-

(အဆိုပြုခဲ့သည့် သို့မဟုတ် ငြင်းဆိုခဲ့သည့် ဆောင်ရွက်မှု၏ အခြေခံဖြစ်သည့် အကဲဖြတ်မှု လုပ်ထုံးလုပ်နည်း၊ ဆန်းစစ်ချက်၊ မှတ်တမ်း သို့မဟုတ် အစီရင်ခံစာ တစ်ခုစီ အပါအဝင်)-

ဤအဆိုပြု ဆောင်ရွက်ချက်အတွက် အခြေခံအဖြစ် အသုံးပြုခဲ့သည့် အချက်အလက်များ မရှိပါ။ ဤဆုံးဖြတ်ချက်သည် ကျောင်းသား၏ IEP အဖွဲ့မှ ဆုံးဖြတ်ချက် မဟုတ်ပါ။ ဤဆောင်ရွက်မှုသည် အထူးပညာရေး နည်းဥပဒေများအ* အပ်နှင်းထားသည့် အခွင့်အာဏာနှင့်အညီ ဤကျောင်းသားအတွက် ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်သူမှ ၎င်း၏ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့် ရွေးချယ်ဆောင်ရွက်မှု ဖြစ်သည်။

## 5) အဆိုပြုခဲ့သည့် ဆောင်ရွက်မှုအတွက် သက်ဆိုင်သည်ဟု မှတ်ယူသည့် အခြားအချက်များ (ဥပမာ LRE၊ သက်ရောက်ထိခိုက်မှုများ)-

ဤအဆိုပြု ဆောင်ရွက်ချက်နှင့် သက်ဆိုင်သည့် အခြားအချက်များ မရှိပါ။ ဤဆုံးဖြတ်ချက်သည် ကျောင်းသား၏ IEP အဖွဲ့မှ ဆုံးဖြတ်ချက် မဟုတ်ပါ။ ဤဆောင်ရွက်မှုသည် အထူးပညာရေး နည်းဥပဒေများ အပ်နှင်းထားသည့် အခွင့်အာဏာနှင့်အညီ ဤကျောင်းသားအတွက် ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်သူမှ ၎င်း၏ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့် ရွေးချယ်ဆောင်ရွက်မှု ဖြစ်သည်။

## နောက်ထပ်အချက်အလက်များ

တစ်မူထူးခြားသည့် ကလေးသူငယ်များကို ပညာသင်ကြားခြင်းဆိုင်ရာ ဖက်ဒရယ်နှင့် ပြည်နယ် ဥပဒေများနှင့် ၎င်းဥပဒေများမှ အပ်နှင်းထားသည့် မိဘတို့၏ အခွင့်အရေးများ (လုပ်ထုံးလုပ်နည်းဆိုင်ရာ အဟန့်အတားများ) ကို သင်နားလည်နိုင်ရန် ဖော်ပြပါ ရင်းမြစ်များသို့ ဆက်သွယ်၍ အကူအညီရယူနိုင်သည်- Kansas ပြည်နယ် ပညာရေးဌာန 800-203-9462၊ Kansas မသန်စွမ်းသူများ စင်တာ (DRC) (877) 776-1541၊ Families Together, Inc. 800-264-6343 နှင့် Keys for Networking 785-233-8732။

### မိဘများ၏ အခွင့်အရေးများကို ကာကွယ်ပေးရန် လုပ်ထုံးလုပ်နည်းအရ အဟန့်အတားများ

ကလေးသူငယ်များ၏ ပညာရေးနှင့် ပတ်သက်သည့် ပြည်နယ်နှင့် ဖက်ဒရယ် ဥပဒေနှစ်ရပ်စလုံးတွင် ချွင်းချက်အချို့မှလွဲပြီး မိဘများ၏ အခွင့်အရေးများစွာ ပါဝင်သည်။ သင့်ကလေးနှင့် ပတ်သက်ပြီး ကျောင်းမှဆောင်ရွက်လိုသည်များကို အသိပေးခြင်း ခံရရန်နှင့် သင့်ကလေး၏ ပညာရေးဆိုင်ရာ အစီအစဉ်ချမှတ်ရေးအဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခွင့်တို့သည် သင့်အားပေးအပ် ထားသော ဥပဒေများအရ အခွင့်အရေး နမူနာများ ဖြစ်ကြသည်။ ဤဥပဒေများအရ သင့်အခွင့်အရေးများကို သင်သိရှိရန်နှင့် ထိုအခွင့်အရေးများကို ကျင့်သုံးရန်အတွက် အခွင့်အလမ်းရှိရန် သင့်ကျောင်းသည် လုပ်ထုံးလုပ်နည်းအချို့အား လိုက်နာရန် လိုအပ်သည်။ သင့်အခွင့်အရေးများအကြောင်း သိလိုလျှင် သို့မဟုတ် သင့်အခွင့်အရေး နောက်ထပ်မိတ္တူတစ်စောင် ထပ်မံလိုအပ်ပါက ကျောင်း၏ အထူးပညာရေး ညွှန်ကြားရေးမှူး သို့မဟုတ် အထူးပညာရေး ပူးပေါင်းတာဝန်ခံထံ ဆက်သွယ် နိုင်သည်။

### ပေးပို့ခြင်း

ကျွန်ုပ်၊ ________________________________________သည်

☐ ကိုယ်တိုင် ပေးပို့ခဲ့သည်၊

☐ စာတိုက်မှ ပေးပို့ခဲ့သည်၊

☐ အခြား________________

(သီးသန့်ဖော်ပြပေးပါ)

ဤအသိပေးစာကို ______________________________ ထံသို့ ________________တွင်ပေးပို့သည်။

(အမည်) (ရက်စွဲ)